Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



network for democracy & development

# Network for Democracy and Development
## Documentation and Research Department

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 85-733 4303.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the SPDC's Election (016/2010)
# နအဖရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့်တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၁၆/၂၀၁၀)

၂၀၁၀ ခုနှစ်၊ မေလ (၉) ရက်နေ့မှ မေလ (၁၅) ရက်နေ့အထိ

နအဖနှင့် ၎င်းလက်ကိုင်တုတ်အဖွဲ့အစည်းများ

- ၂၀၁၀ ရွေးကောက်ပွဲမတိုင်မီ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်၏ အကြီးအကဲ ဒု–ဗိုလ်ချုပ်ကြီးတင်အေး၏သား ဦးဇော်မင်းအေးကို **Messenger** သတင်းဂျာနယ်ထုတ်ဝေခွင့်၊ ပြန်ကြားရေးဝန်ကြီး ဦးကျော်ဆန်းနှင့် နီးစပ်သူဟု သတင်းထွက်နေသည့် ဦးမြတ်ခိုင်ကို မော်နီတာ သတင်းဂျာနယ်ထုတ်ဝေခွင့် စသည်ဖြင့် ချပေးလိုက်ကြောင်း စာပေစိစစ်ရေးဌာန ဝန်ထမ်းများကပြောသည်။ **(Irrawaddy 100510)** Read More...
- ရွေးကောက်ပွဲ နီးလာသော်လည်း စစ်အစိုးရက သတင်းစာများ ထုတ်ဝေခွင့်မပြုသေးသည့်အပြင် သတင်းအသားပေး ဂျာနယ်များကိုလည်း သာမန်လုပ်ငန်းရှင်များကို ထုတ်ဝေခွင့်မပေးဘဲ ၎င်းတို့စိတ်ချရသည့် စစ်ဗိုလ်ဟောင်းများ၊ ဗိုလ်ချုပ်သားသမီးများကိုသာ ထုတ်ဝေခွင့်ချပေးကြောင်း ရန်ကုန်မြို့ခံ ဂျာနယ်ဘယ်ဒီတာတစ်ဦးကပြောသည်။ **(NEJ 110510)** Read More...
- ချင်းပြည်နယ်တွင် မကြာသေးခင်က ဖွဲ့စည်းခဲ့သည့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့က ဒေသတွင်းကျောင်းဆရာ/မများကို ၂၀၁၀ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ရွေးကောက်ပွဲ၊ တပ်မတော်နှင့် ကြံ့ဖွံ့ ကဏ္ဍဟုဆိုကာ အပိုင်း (၃) ပိုင်းခွဲပြီး ရက်တိုသင်တန်းတစ်ရပ် ပြုလုပ်ပေးခဲ့သည်ဟု ဖလမ်းမြို့ရှိ ကျောင်းဆရာမတစ်ဦးကပြောသည်။ **(Khonumthung 110510)** Read More...
- ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးက ယခုနှစ်အတွင်း ကျင်းပမည့် ရွေးကောက်ပွဲကာလတွင် နိုင်ငံတကာ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေးအဖွဲ့များကို လာရောက်ခွင့်မပြုကြောင်း ပြောကြားလိုက်သည့်အတွက် ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးသမားများက စိတ်ပျက်နေကြသည်။ **(NEJ 120510)** Read More...
- မြန်မာအာဏာပိုင်များနှင့် အမေရိကန်ကိုယ်စားလှယ်များ တိုက်ရိုက်တွေ့ဆုံ ညှိနှိုင်းမှုများ ကြံ့ကြာမှုရှိနေသည်မှာ စစ်အစိုးရ၏ လုပ်ရပ်များကို ဝေဖန်ပုတ်ခတ်မှုများ ရှိနေသောကြောင့် ဖြစ်ရသည်ဟု နအဖနိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းကပြောသည်။ **(Mizzima 120510)** Read More...
- ရန်ကုန်မြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးချုပ်အနီးရှိ လက်ဖက်ရည်ဆိုင်၊ မုန့်ဟင်းခါးဆိုင်၊ ကွမ်းယာဆိုင်အပါအဝင် ဆိုင်းခန်းအားလုံးပေါင်း ၅၀ ခန့်ကို မေလ ၁၃ ရက်နေ့နောက်ဆုံးထား၍ ပိတ်ပေးရန် ရန်ကုန်စည်ပင်သာယာရေးဌာနက ညွှန်ကြားထားကြောင်း အဖွဲ့ချုပ် လူငယ်တစ်ဦးကပြောသည်။ **(DVB 120510)** Read More...

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- လတ်တလော ဆောင်ရွက်နေသည့် မြန်မာ–အမေရိကန် တိုက်ရိုက်ထိတွေ့ဆက်ဆံရေးကနေ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်လာလိမ့်မည်ဟု မျှော်လင့်ကြောင်း စစ်အစိုးရနိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းက ထုတ်ဖော်ပြောဆိုလိုက်ကြောင်း တရုတ်ဆင်ပွာသတင်းတစ်ရပ်တွင် မေလ ၁၂ ရက်နေ့က ဖော်ပြထားသည်။ **(RFA 120510) Read More...**
- အရှေ့အာရှနှင့်ပစိဖိတ်ရေးရာ အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး **Mr. Kurt Campbell** ၏ မြန်မာ့နိုင်ငံရေးဆိုင်ရာ ပြောဆိုချက်များကို စာနယ်ဇင်းများတွင် ဖော်ပြခြင်းမပြုရန် အာဏာပိုင်များက ပိတ်ပင်ထားကြောင်း ရန်ကုန်အခြေစိုက် သတင်းဂျာနယ်အသိုင်းအဝိုင်းမှဆိုသည်။ **(Irrawaddy 130510) Read More...**
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ရပ်ကွက်များတွင် ရေတွင်းများ (တုံကင်တွင်း) တူးဖော်ပေးပြီး မဲဆွယ်စည်းရုံးနေသည်ဟု အရပ်လူကြီးတစ်ဦးက ပြောသည်။ **(Narinjara 140510) Read More....**
- ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် စစ်အစိုးရ ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ဝန်ကြီးများသည် ရွေးကောက်ပွဲမတိုင်ခင် လပိုင်းအထိ လက်ရှိရာထူးများကို စွန့်လွှတ်မည်မဟုတ်ကြောင်း နေပြည်တော်ဝန်ကြီးများနှင့် နီးစပ်သည့်သတင်းရပ်ကွက်မှဆိုသည်။ **(RFA 130510) Read More...**
- ရခိုင်ပြည်နယ် အနောက်ပိုင်း (နပခ) စစ်ဌာနချုပ် တည်ရှိရာ အမ်းမြို့တွင် ရွေးကောက်ပွဲ မဲကြီးကြပ်စောင့်ကြည့်ရေးသင်တန်းတစ်ခုကို မကြာမီအချိန်အတွင်း တပ်၊ ရဲ၊ လုံထိမ်း၊ လဝကနှင့် စစ်မှုထမ်းဟောင်းအဖွဲ့များမှ အရာရှိအဆင့်ရှိသူ ၁၂၅ ဦးကို ဖိတ်ကြားထားသည်ဟု အမည်မဖော်လိုသူ အစိုးရဝန်ထမ်းတစ်ဦးကပြောသည်။ **(Kaladan 140510) Read More...**

အတိုက်အခံအဖွဲ့ အစည်းများ

## (က) ပြည်တွင်းအင်အားစုများ

- ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် နီးစပ်ရာမြို့နယ်အဖွဲ့ချုပ်ခေါင်းဆောင်များနှင့် လစဉ်ပုံမှန်တွေ့ဆုံနိုင်ရန်အတွက် စီစဉ်နေကြောင်း တောင်ကြီးမြို့နယ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းငွေကပြောသည်။ **(DVB 090510) Read More...**
- ဒေါ်အောင်ဆန်းစုကြည်အား လာမည့်နိုဝင်ဘာလတွင် ပြန်လွှတ်ပေးမည်ဟု နအဖပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၏ ပြောကြားချက်ကို ဒေါ်အောင်ဆန်းစုကြည်က မတရားသည့် ပြောဆိုချက်ဖြစ်ကြောင်း မေလ ၉ ရက်နေ့က ရှေ့နေဦးဉာဏ်ဝင်းနှင့်တွေ့ဆုံစဉ် ပြန်လည်တုံ့ပြန်လိုက်သည်ဟု ရှေ့နေဦးဉာဏ်ဝင်းကပြောသည်။ **(NEJ 100510) Read More...**
- ပြည်နယ်နှင့် တိုင်းအချို့ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **(NLD)** အဖွဲ့ဝင်များက လာမည့်ရွေးကောက်ပွဲတွင် မဲဆန္ဒရှင် ပြည်သူများ အနေနှင့်ဆန္ဒမဲမပေးဘဲ နေခွင့်ရှိကြောင်း ဖြန့်ဝေစည်းရုံးမှုများ ပြုလုပ်နေသည်။ **(Irrawaddy 120510) Read More...**
- တရားဝင် ပါတီတစ်ခုဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ၂၀၁၀ ရွေးကောက်ပွဲတွင် နောက်ထပ်မှတ်ပုံမတင်ပါက ပါတီပျက်ပြယ်ပြီဆိုသည့် ဥပဒေထုတ်ပြန်ချက်အပေါ် ကန့်ကွက်ကြောင်း တရားစွဲဆိုမှုကို နအဖ ဗဟိုတရားရုံးက လက်မခံသည့်ကိစ္စနှင့်ပတ်သက်၍ နေပြည်တော်တရားရုံးချုပ်သို့ ထပ်မံစာတင်လိုက်ကြောင်း အဖွဲ့ချုပ် ပြန်ကြားရေးအဖွဲ့ဝင် ရှေ့နေဦးဉာဏ်ဝင်းကပြောသည်။ **(DVB 120510) Read More...**
- ပါတီမှခွဲထွက်သူများက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်ဟောင်းများအဖြစ် ပြောဆိုသုံးနှုန်းနေခြင်းကြောင့် ပြည်သူများအတွင်း ရှုတ်ထွေးမှုဖြစ်ကြောင်း "ဒေါင်းယောင်ဆောင်သော ကျီးများအဖြစ်" **NLD** ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းတင်က ပြစ်တင်ရှုတ်ချလိုက်သည်။ **(Mizzima 130510) Read More...**
- မေလ ၁၃ ရက်နေ့ နောက်ဆုံးထား၍ ရန်ကုန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ရုံးချုပ်ကို ပိတ်ရမည်ဟု စည်ပင်က အမိန့်ထုတ်ခဲ့သဖြင့် အဖွဲ့ချုပ်ရုံးချုပ်ကိုပါ ပိတ်တော့မည်လားဟု ပါတီဝင်များစိုးရိမ်ခဲ့သော်လည်း ယခုချိန်ထိ ပုံမှန်အတိုင်း လည်ပတ်နေဆဲဘဲဖြစ်ကြောင်း **NLD** ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းတင်ကပြော သည်။ **(DVB 130510) Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ခွဲထွက်ပြီး အမျိုးသားဒီမိုကရေစီအင်အားစု **NDF** တည်ထောင်လိုက်သည့် ဦးခင်မောင်ဆွေနှင့် ဦးသိန်းညွန့်တို့၏ ပြည်တွင်းဂျာနယ်များ၌ ပြောဆိုနေမှုများသည် အဖွဲ့ချုပ်အဖွဲ့ဝင်များအတွက် ရော ပြည်သူ အတွက်ပါ အငြင်းပွားဖွယ် ဖြစ်နေသည်ဟု အဖွဲ့ချုပ်လူငယ်များကပြောသည်။ **(DVB 130510)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်ဟောင်းတချို့ ပါတီသစ်ခွဲထောင်ခြင်းသည် ဒီမိုကရေစီနည်းကျ လုပ်ထုံးလုပ်နည်းကို ဆန့်ကျင်ခြင်းဖြစ်သည်ဟု ဒေါ်အောင်ဆန်းစုကြည်အတွက် အထူးအယူခံ လျှောက်လဲချက်ကိစ္စဆွေးနွေးရန် အတွက် မေလ ၁၄ ရက်နေ့ မွန်းလွဲပိုင်းက ရှေ့နေ ဦးညဏ်ဝင်း၊ ဦးကြည်ဝင်းတို့တွေ့ဆုံစဉ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်ကြောင်း ရှေ့နေဦးညဏ်ဝင်းကပြောသည်။ **(Irrawaddy 140510)** **Read More...**
- မြန်မာစစ်အစိုးရအပေါ် အမေရိကန်အစိုးရက ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့အရေးယူမှုကို နောက်ထပ် တစ်နှစ် ပိတ်ဆို့ရန် သက်တမ်းထပ်မံတိုးလိုက်ခြင်းသည် အမေရိကန်ဘက်က တိုက်ရိုက်ထိတွေ့ဆက်ဆံသည့် နည်းကို ပြောင်းလဲကျင့်သုံးသော်လည်း မြန်မာစစ်အစိုးရဘက်က တစုံတရာ လိုက်လျောမှုမရှိသည့်အတွက်ကြောင့် ဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဗဟိုအလုပ်အမှုဆောင် ဦးဝင်းတင်နှင့် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ **CRPP** အတွင်းရေးမှူး ဦးအေးသာအောင်က ပြောသည်။ **(RFA 150510)** **Read More...**

## (ခ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ရွေးကောက်ပွဲတွင် ကရင်ပြည်သူ့ပါတီ **(KPP)** က ကရင်ပြည်နယ်ကို ဦးစားပေးဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ဘဲ ဧရာဝတီ၊ မွန်၊ တနင်္သာရီ၊ ရန်ကုန်၊ ပဲခူးစသည့်ဒေသများတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဟု **KPP** အထွေထွေအတွင်းရေးမှူး စောစေးဝါး၏ ပြောဆိုချက်သည် စစ်အာဏာရှင် သက်ဆိုးရှည်ရေးအတွက် အဆိပ်ပင်ရေလောင်းနေခြင်းသာ ဖြစ်ကြောင်း၊ ၎င်းပါတီများ၏ အဓိကရည်မှန်းချက်များမှာ စစ်အာဏာရှင်စနစ်မပြိုလဲသွားရန် ကြားခံပေးမည့် ဒေါက်တိုင်များသာဖြစ်ကြောင်း ကရင်အမျိုးသားအစည်းအရုံး **(KNU)** က ပြောဆိုလိုက်သည်။ **(NEJ 130510)** **Read More...**
- ကရင်ပြည်သူ့ပါတီ **(KPP)** သည် ကယားပြည်နယ်အတွင်းရှိ မဲဆန္ဒနယ်မြေ (၂) ခုတွင် ပါဝင်ယှဉ်ပြိုင် အရွေးခံသွားမည်ကို လက်ခံမည်မဟုတ်ဟု ကရင်နီအမျိုးသားတိုးတက်ရေးပါတီ **(KNPP)** က မေလ ၁၁ ရက်နေ့တွင် ကြေညာချက်အမှတ် ၀၁/၂၀၁၀ ဖြင့် သဘောထား ထုတ်ပြန်ခဲ့သည်။ **(KIC 130510)** **Read More...**

## အပစ်ရပ်အဖွဲ့အစည်းများ

## နယ်ခြားစောင့်တပ် အသွင်မပြောင်းရသေးသည့်အဖွဲ့များ

- ယခုလ ၁၂ ရက် နောက်ဆုံးထား၍ ဌာနေပြည်သူ့စစ်တပ်အသွင်ပြောင်းရန် ရပခ ဒုတိုင်းမှူး၏ အပစ်ရပ် **SSA** တပ်မဟာ (၁) အပေါ် ထပ်မံဖိအားပေးခြိမ်းခြောက်မှုကို တပ်မဟာမှူးအပါအဝင် တပ်မှူးများ လုံးဝလက်ခံမည်မဟုတ်ကြောင်း အပစ်ရပ် **SSA** တပ်မဟာ ၁ ခေါင်းဆောင် ဗိုလ်ချုပ်ပန်ဖုက အတည်ပြုပြောကြားလိုက်သည်။ **(S.H.A.N 110510)** **Read More...**
- နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးကိစ္စကို တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် **(DKBA)** အဖွဲ့အတွင်းမှ လက်မခံဘဲ ငြင်းဆန်နေသည့် တပ်မဟာ (၅) သည် ယခုလ ၁၁ ရက်နေ့က နယ်ခြားစောင့်တပ်အဖြစ် သဘောတူလက်ခံလိုက်ပြီဖြစ်ကြောင်း **DKBA** အဆင့်မြင့်အရာရှိတစ်ဦးကပြောသည်။ **(NEJ 120510)** **Read More...**
- ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၃)၊ ရှမ်းပြည်တပ်မတော် **(SSA)** မှ ဥက္ကဌ ဦးလွယ်မောင်းအပါအဝင် ခေါင်းဆောင်အချို့က ပြည်သူ့စစ်တပ်ဖွဲ့အသွင်ပြောင်းရေးကို သဘောတူခဲ့သော်လည်း စစ်အစိုးရဘက်က လက်မခံဘဲ တပ်ဖွဲ့တစ်ခုလုံး အသွင်ပြောင်းရေးကိုသာ လိုလားနေသည်။ **(NEJ 120510)** **Read More...**
- မြန်မာစစ်အစိုးရက အပစ်အခတ်ရပ်စဲထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအားလုံးကို လာမည့် ရွေးကောက်ပွဲမတိုင်ခင် နယ်ခြားစောင့်တပ်နှင့် ပြည်သူ့စစ်အသွင်ပြောင်းရန် ဖိအားပေးမှုများ ပိုများလာသကဲ့သို့

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



နောက်ဆုံးပြည်သူ့စစ်အသွင်ပြောင်းရန် လက်မခံသည့် ရှမ်းပြည်တပ်မတော် မြောက်ပိုင်း တပ်မဟာ ၁ ထိန်းချုပ်ရာ နယ်မြေတဝိုက်တွင် စစ်အစိုးရတပ်ဘက်က ပိုမိုလှုပ်ရှားလာသည်။ **(VOA 130510)** Read More...

- နအဖစစ်ရုံးချုပ်က နယ်ခြားစောင့်တပ် (သို့) ပြည်သူ့စစ်ဖွဲ့စည်းရေး အာခံနေသည့် ငြိမ်းအဖွဲ့များ၏ စစ်ရေးကိစ္စများ နှင့် နယ်မြေအတွင်းသွားလာလှုပ်ရှားမှုများအပေါ် ကန့်သတ်ရန်အတွက် လက်အောက်ခံ စစ်တိုင်းဌာနချုပ်များသို့ ဧပြီလ ကုန်ပိုင်းက ညွှန်ကြားချက်ထုတ်ပြန်ထားကြောင်း စစ်ဘက်သတင်းရပ်ကွက်များမှဆိုသည်။ **(S.H.A.N 130510)** Read More...
- အပစ်ရပ် သျှမ်းပြည်တပ်မတော် တပ်မဟာ ၁ ကိုယ်စားလှယ်အား ကွန်ဟိန်းဗျူဟာမှူးက ကားလမ်းအနီးနေရာယူ တပ်စိုက်ထားသော တပ်စခန်းများအချို့အား ရုပ်သိမ်းပေးရန် အကြောင်းကြားထားသည်ဟု **SSA** တပ်မဟာ (၁) နှင့် နီးစပ်သူတစ်ဦးကပြောသည်။ **(S.H.A.N 140510)** Read More...

## အခြားအင်အားစုများ

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တရားဝင်ရပ်တည်မှု မရှိတော့သည့်အတွက် **NLD** ၏ မပြီးဆုံးသေးသော တာဝန်ကို တာဝန်သိသိ ဆက်လက်ထမ်းဆောင်ပေးခြင်းဖြစ်ကြောင်း **NLD** ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဟောင်း ဦးခင်မောင် ဆွေကပြောသည်။ **(NEJ 130510)** Read More...

## နိုင်ငံရေးပါတီများ

### (က) ပါတီတည်ထောင်ခွင့်ရပြီးသောပါတီများ

- ၂၀၁၀ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသည် အာဏာရပါတီဆန်နေ သည့်အပြင် ရွေးကောက်ပွဲဥပဒေများနှင့်လည်း ညီညွတ်မှုမရှိကြောင်း ပြည်ထောင်စုဒီမိုကရေစီပါတီက ကြေညာချက် ထုတ်ပြန်ဝေဖန်လိုက်သည်။ **(Irrawaddy 100510)** Read More...
- ပြည်ထောင်စုဒီမိုကရေစီပါတီသည် အတိုက်အခံထက် ပြည်သူများ အကျိုးရှိစေရန် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ် ချက်ရှိကြောင်း ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးဖြိုးမင်းသိန်းက ဧပြီလ ၂၉ ရက်နေ့က ကျင်းပပြုလုပ်သည့် စာနယ်ဇင်းတွေ့ဆုံတွင် ပြောကြားလိုက်သည်။ **(The Myanmar Times** အတွဲအမှတ် ၂၄၊ အမှတ် ၄၆၅**)** Read More...
- ဦးအေးလွင်၊ ဦးရဲထွန်းတို့ ညီအစ်ကိုများ ဦးဆောင်ဖွဲ့စည်းထားသည့် ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည် ထောင်စု မြန်မာနိုင်ငံ) ပါတီက အသုံးပြုခဲ့သည့် သမိုင်းဝင် ကျောင်းသားသမဂ္ဂ ခွပ်ဒေါင်းအလံနှင့် တံဆိပ်များကို အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပြည်တွင်းကျောင်းသားအဖွဲ့အစည်းအချို့၏ ကန့်ကွက်မှုကြောင့် ယခုအခါ အလံပုံစံပြောင်းလဲလိုက်ပြီဖြစ်သည်။ **(RFA 150510)** Read More...

### (ခ) ပါတီတည်ထောင်ခွင့်ရရှိရေးအတွက် လျှောက်ထားဆဲပါတီများ

- မြန်မာစစ်အစိုးရ၏ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသို့ ပါတီမှတ်ပုံတင်လျှောက်ထားသည့် ကချင်ပြည်နယ် တိုးတက်ရေးပါတီ **(KSPP)**၊ ရှမ်းပြည်မြောက်ပိုင်းတိုးတက်ရေးပါတီ–ကချင် **(NSPP)** နှင့် စုပေါင်းဒီမိုကရေစီပါတီ– ကချင်တို့ကို တရားဝင်လက်ခံရေးကိစ္စ ဆက်လက်စောင့်ဆိုင်းပေးရန် ကော်မရှင်က အကြောင်းပြန်ကြားထားသည်။ **(KNG 110510)** Read More...

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



## နိုင်ငံတကာဆောင်ရွက်မှုများ

### (က) အစိုးရများ

- အရှေ့အာရှ ပစိဖိတ်ရေးရာ အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး **Mr. Kurt Campbell** သည် ဒေါ်အောင်ဆန်းစုကြည်နှင့် မတွေ့ဆုံခင်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** မှ ဗဟိုအလုပ်အမှုဆောင် (၁၀) ဦးနှင့် ရန်ကုန်မြို့ရှိ အမေရိကန်သံမှူး၏ နေအိမ်၌ တွေ့ဆုံခဲ့ရာတွင် **Mr. Kurt Campbell** က အမေရိကန်နှင့် မြန်မာ အစိုးရတို့အကြား ပုံမှန်ဆက်ဆံရေးများ ထူထောင်ရန်အတွက် ရည်ရွယ်ချက်ဖြင့် လာရောက်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး **NLD** မှ ဦးတင်ဦးနှင့် ဦးဝင်းတင်တို့က အဖွဲ့ချုပ်၏ လက်ရှိရပ်တည်နေသည့် အနေအထားနှင့် ရှေ့လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားခဲ့သည်၊ **Mr. Kurt Campbell** က **NLD** အနေဖြင့် ရွေးကောက်ပွဲဝင်ရန် ပါတီမှတ်ပုံမတင်သည်ဖြစ်စေ **NLD** ကို ဆက်လက်ထောက်ခံသွားမည်ဖြစ်ကြောင်းပြောကြားသည်ဟု ဗဟိုအလုပ်အမှုဆောင်တစ်ဦးဖြစ်သူ ဦးအုန်းကြိုင်ကပြောသည်။ **(NEJ 100510)** **Read More...**
- ၂ ရက်ကြာ ခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး **Kurt Campbell** သည် မြန်မာစစ်အစိုးရကျင်းပမည့်ရွေးကောက်ပွဲသည် နိုင်ငံတကာလက်ခံယုံကြည်နိုင်လောက်သည့် အနေအထားမရှိသည့်အပြင် မြောက်ကိုရီးယားမှ လက်နက်ဝယ်ယူမှုအား ပိတ်ပင်ထားသည့် ကုလသမဂ္ဂ၏ ဒဏ်ခတ်ပိတ်ဆို့မှုကိုလည်း လိုက်နာရန်လိုကြောင်း နအဖစစ်အစိုးရကို သတိပေးပြောကြားလိုက်သည်။ **(VOA 110510)** **Read More...**
- အမေရိကန် ကွန်ဂရက်အမတ် **(Joe Crowley)** က မြန်မာနိုင်ငံ စစ်အစိုးရအပေါ် ပစ်မှတ်ထားပိတ်ဆို့ အရေးယူသည့်မြန်မာ့ဒီမိုကရေစီနှင့်လွတ်လပ်ရေး ဥပဒေကို နောက်ထပ် သက်တမ်းတိုးရန် ဥပဒေကြမ်းတရပ်ကို ပါတီနှစ်ရပ်ပူးတွဲတင်သွင်းရာတွင် ဦးဆောင်တင်သွင်းလိုက်သည်ဟု ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။ **(Mizzima 120510)** **Read More...**
- မြန်မာနိုင်ငံကို ရောက်ရှိနေသည့် ဂျာမနီနိုင်ငံခြားရေးဌာန အာရှနှင့်ပစိဖိတ်ရေးရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆိုင်ရီနန်းသည် မေလ ၁၂ ရက်နေ့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်များနှင့်တွေ့ဆုံကာ အဖွဲ့ချုပ်ရပ်တည်ရေးနှင့် ရှေ့လုပ်ငန်းစဉ်များအကြောင်း မေးမြန်းခဲ့ကြောင်း ပါတီပြန်ကြားရေး အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးအုန်းကြိုင်ကပြောသည်။ **(DVB 120510)** **Read More...**
- မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၂၀ အတွင်း ပထမဆုံးအကြိမ် ကျင်းပမည့် စစ်အစိုးရ၏ ရွေးကောက်ပွဲသည် စစ်မှန်သည့် ရွေးကောက်ပွဲမဟုတ်ကြောင်းနှင့် ရွေးကောက်ပွဲကာလအတွင်း နိုင်ငံတကာ စောင့်ကြည့်လေ့လာသူများအား လာရောက်စောင့်ကြည့်ခွင့်အား ပိတ်ပင်နေသည့်အပေါ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး **Alberto Romulo** က ပြင်းပြင်းထန်ထန် ဝေဖန် လိုက်သည်။ **(VOA 130510)** **Read More...**
- မြန်မာစစ်အစိုးရအပေါ် စီးပွားရေးဒဏ်ခတ်ထားခြင်းကို နောက်ထပ် (၁) နှစ် သက်တမ်းတိုးရန် အမေရိကန်သမ္မတ **(Barack Obama )** က လက်မှတ် ရေးထိုးလိုက်ကြောင်း မေလ ၁၄ ရက် နေ့စွဲဖြင့် အိမ်ဖြူတော်က ကြေညာချက်ထုတ်ပြန်လိုက်သည်။ **(VOA 140510)** **Read More...**

### (ခ) အစိုးရမဟုတ်သော အဖွဲ့အစည်းများ

- ဗြိတန်နိုင်ငံတွင် ရွေးကောက်ပွဲအပြီး ဝန်ကြီးချုပ်သစ် တက်ချိန်၌ လန်ဒန်မြို့ ချတ်တားဟောက်စ် နိုင်ငံတကာရေးရာသိပ္ပံတွင် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲအကြောင်းနှင့် နအဖ၏ လူ့အခွင့်အရေးချိုးဖေါက်မှုများကို ကော်မရှင်ဖွဲ့စုံစမ်းစစ်ပေးရန် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ **AI** က တင်ပြတောင်းဆိုခဲ့သည်။ **(VOA 120510)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



## (ဂ) ကမ္ဘာ့ကုလသမဂ္ဂ

- မြန်မာနိုင်ငံတွင် ကျင်းပမည့် ရွေးကောက်ပွဲအတွက် အာဆီယံ အပါအဝင် နိုင်ငံတကာက လာရောက်စစ်ဆေးရန် မလိုအပ်ကြောင်း အမေရိကန်အစိုးရကိုယ်စားလှယ် **Mr. Kurt Campbell** ကို မြန်မာစစ်အစိုးရက ပြောဆိုလိုက်ခြင်းကြောင့် ဒေသတွင်းနှင့် နိုင်ငံတကာ စောင့်ကြည့်လေ့လာသူများကို ဖိတ်ကြားရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် **Mr. Ban Ki Moon** က နအဖကို တိုက်တွန်းတောင်းဆိုလိုက်သည်။ **(VOA 130510)** [Read More...]

## (ဃ) ဥရောပသမဂ္ဂ

- မြန်မာနိုင်ငံတွင် ယခုနှစ်အတွင်း ကျင်းပမည့်ရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာရန်အတွက် ကိုယ်စားလှယ်အဖွဲ့စေလွှတ်နိုင်ရေးနှင့်ပတ်သက်၍ ဥရောပသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးသံတမန် **Mr. Pierro Fassino** နှင့်အဖွဲ့ မြန်မာနိုင်ငံသို့ သွားရောက်ရန် ပြင်ဆင်ကြောင်း မစ္စတာဖက်ဆီနို၏ ပြောခွင့်ရပုဂ္ဂိုလ် **Mr. Bartorelli** က ပြောသည်။ **(VOA 120510)** [Read More...]

## ပြည်သူနှင့် လူထုအခြေပြုအသင်းအဖွဲ့များ

- မြန်မာနိုင်ငံ၏ စီးပွားရေးလောကမှ အမျိုးသမီးများအား ကိုယ်စားပြု ရပ်တည်နေသည့် မြန်မာအမျိုးသမီးစွမ်းဆောင်ရှင်များ အသင်းသည် ၂၀၁၀ အပြောင်းအလဲကာလတွင် နိုင်ငံရေးလောကသို့ ဝင်ရောက်မည်မဟုတ်ဘဲ ယခုလက်ရှိအသင်းပုံစံအတိုင်းသာ ဆက်လက်ရပ်တည်သွားမည်ဟု အသင်းဥက္ကဌ ဒေါ်ရီရီမြင့်က မေလ ၂ ရက်နေ့က ကျင်းပသည့် အသင်း၏ (၁၅) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် ပြောကြားလိုက်သည်။ (**The Myanmar Times** အတွဲအမှတ် ၂၄၊ အမှတ် ၄၆၅) [Read More...]
- ကုန်စျေးနှုန်းကျဆင်းရေးအတွက် ဆန္ဒပြခဲ့သဖြင့် ထောင်ဒဏ် ၁၂ နှစ် ကျခံနေရသည့် ဦးထင်ကျော်က ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ရွေးကောက်ပွဲမဝင်ရေးဆုံးဖြတ်ချက်ကို ထောက်ခံကြောင်း စစ်ကိုင်းတိုင်း ခန္တီးထောင်သို့ ယခုလ ၄ ရက်နေ့တွင် ထောင်ဝင်စာသွားတွေ့ခဲ့သည့် ဇနီးဖြစ်သူအား မှာကြားလိုက်သည်။ **(Mizzima 130510)** [Read More...]
- ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း မကွေးတိုင်းနှင့် မန္တလေးတိုင်း မြို့နယအချို့တွင် အပူရှိန် အလွန်မြင့်တက်ပြီး ဒေသခံပြည်သူများ သောက်သုံးရေအလွန်ရှားပါးနေသဖြင့် ပြည်တွင်းပြည်ပရှိမြန်မာများမှ ဖွဲ့စည်းထူထောင်ထားသော **Lotus Foundation** အဖွဲ့အပါအဝင် ဦးအေးမြင့် ဦးဆောင်သော လမ်းပြကြယ်နှင့် ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများ၊ လူငယ်အဖွဲ့အစည်းတို့က နည်းမျိုးစုံဖြင့် ရေလှူဒါန်းမှုအား ပြုလုပ်နေကြသည်။ **(DVB 150510)** [Read More...]

## ဘာသာရေးအသင်းအဖွဲ့များ

- မေလ ၁၄ ရက်နေ့က မြန်မာနိုင်ငံ မြို့နယ် ၂၆ မြို့နယ်ရှိ သံဃာတပ်ပေါင်းစုနှင့် သာသနာတော်ကာကွယ်ရေး တပ်ဦးတို့က ဦးဆောင်ကာ ပြည်သူများ နိုင်ငံရေးအသိအမြင် နိုးကြားလာရန်အတွက် စီဒီခေတ်ပြားများ ဖြန့်ဝေသည့် လှုပ်ရှားမှုတစ်ရပ် စတင်ပြုလုပ်ခဲ့ပြီး ကြံ့ဖွံ့မှ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီထောင်ခြင်းအား ကန့်ကွက်ကြောင်း ကြေညာချက်ထုတ်ပြန်လိုက်သည်။ **(DVB 150510)** [Read More...]

---

***End of report/ Saturday, May 15, 2010***

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။

***Documentation and Research Department (NDD)***

---